# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
# ကြော်ငြာစာအမှတ်၊ ၂/၂၀၁၉
# ၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်
# ( ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရရှိသော အောက်ဖော်ပြပါ **ဒုတိယဦးစီးမှူးရာထူး (၂၀၀)**နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| | ပညာအရည်အချင်း | အရေအတွက် |
|---|---|---|
| (က) | ဝါဏိဇ္ဇဗေဒဘွဲ့(B.Com)/ စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘွဲ့(B.BM)/တက္ကသိုလ်တစ်ခုခုမှ (ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့) ရရှိပြီးစာရင်းကိုင်ပညာဒီပလိုမာ(DA) ရရှိပြီးသူ | ၁၀၀ ဦး |
| ( ခ ) | စီးပွားရေးပညာဘွဲ့(စာရင်းအင်း/ဘောဂဗေဒ) B.Econ (Statistics/Economics) | ၃၅ ဦး |
| ( ဂ ) | ဥပဒေဘွဲ့ (LL.B) | **၃၀ ဦး** |
| (ဃ) | ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)/ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)/သိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [B.Sc(Computer Science)]/ အင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [B.E(IT)]/ အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E (IST)] / အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E(CE)] | ၃၀ ဦး |
| ( င ) | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English) | ၅ ဦး |
| | **စုစုပေါင်း** | **၂၀၀ ဦး** |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) **၃၁-၈-၂၀၁၉** ရက်နေ့တွင် အသက်(**၂၅**)နှစ်ထက် မကျော်လွန်သူဖြစ်ရမည် ဖြစ်ပြီး၊ B.E ဘွဲ့ရရှိပြီးသူ၊ မဟာဘွဲ့ရရှိပြီးသူနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(**၃၀**)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)နှင့် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရမည်။

(ဃ) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကတိဝန်ခံချက်လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံစွာဖော်ပြရမည် -

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( ခ ) မွေးသက္ကရာဇ်

( ဂ ) ပညာအရည်အချင်း၊ အောင်မြင်ခဲ့သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/ တက္ကသိုလ်

(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်

( င ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

( စ ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်စသည် တို့ကို အပြည့်အစုံဖော်ပြရမည်။

၄။ လျှောက်လွှာပုံစံအား အထက်အပိုဒ်(၃)ပါ ပုံစံအတိုင်းပြုစု၍ ပေးပို့လျှောက်ထားရမည်။ (လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -

(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ( ၁" x ၁.၂၅" ) အရွယ် ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ

( ခ ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ

( ဂ ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( င ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

( စ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)

(ဆ) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)

၆။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ **၆-၉-၂၀၁၉** ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသော၊ စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ **၆-၉-၂၀၁၉**ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား **၁၈-၉-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)နှင့် ၁၉-၉-၂၀၁၉ ရက်(ကြာသပတေးနေ)များတွင်** ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)၌ ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်အတူ လာရောက်ထုတ်ယူရမည်။

၉။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေ ဗဟုသုတဘာသာရပ်များဖြေဆိုရမည်ဖြစ်ပြီး မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များအား **၂၁-၉-၂၀၁၉ ရက် (စနေနေ့)**တွင် လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်အား **၂၂-၉-၂၀၁၉ ရက် (တနင်္ဂနွေနေ့)**တွင် လည်းကောင်း နေပြည်တော်၌ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် **၀၆၇-၄၃၀၀၁၂၁၊** ၀၆၇-၄၃၀၀၁၂၂ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**